စားသုံးသူကိုအကျိုးပြုမည့် **PAT 450**

စားသုံးသူအကာအကွယ်ပေးရေးနယ်ပယ်၌ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲရေးဌာနခ၊ အင်ဂျင်နီယာဌာနစိတ်(စက်ဆန်း)တွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများစမ်းသပ်စစ်ဆေးရေးဓါတ်ခွဲခန်းတည်ထောင်ထားရပြီး ဓါတ်ခွဲခန်းရှိ လျှပ်စစ်စမ်းသပ်စစ်ဆေးရေး ကိရိယာများအနက် အင်္ဂလန်နိုင်ငံ Megger Instruments Co. Ltd. မှ ထုတ်လုပ်သော Portable Appliance Tester (PAT 450) ဖြင့် Watt 1000 အောက်ရှိ အိမ်သုံးလျှပ်စစ်ပစ္စည်းများအား စစ်ဆေးပေးနိုင်မှုအခြေအနေကို ဖော်ပြလိုက်ရပါတယ်။ PAT 450 သည် အပြည်ပြည်ဆိုင်ရာစံချန်စံညွှန်းအဖွဲ့မှ အသိအမှတ်ပြု(ISO 9001) လက်မှတ်ရရှိပြီး အင်္ဂလန်နိုင်ငံစံချိန်စံညွှန်းအဖွဲ့ (ENISO 9001)လည်း ရရှိထားပြီးဖြစ်တဲ့ စမ်းသပ်စစ်ဆေးရေးကိရိယာတစ်မျိုးဖြစ်ပါတယ်။ ဒီကိရိယာနဲ့ အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်တဲ့ ထမင်းပေါင်းအိုး၊ ဒယ်အိုး၊ မီးပူ၊ ဒီဂျစ်တယ်မီးဖို၊ လျှပ်စစ်ရေနွေးအိုး၊ ပန်ကာ၊ ဆံပင်အခြောက်ခံစက်၊ အိမ်သုံးရေပန့်မော်တာနှင့် မီးကြိုးခွေ စသည်ပစ္စည်းများ၏ သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှုရှိ/မရှိ၊ အရည်အသွေးပြည့်မီမှုရှိ/မရှိတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်မှာဖြစ်ပါတယ်။ အိမ်သုံးလျှပ်စစ်ပစ္စည်း တစ်ခုချင်းအလိုက် စမ်းသပ်စစ်ဆေးပေးနိုင်တဲ့ အချက်တွေကတော့ Line, Natural, Earth ကြိုးများ သတ်မှတ်ချက်အတိုင်းဆက်သွယ်ထားမှုရှိ/မရှိ (Polarity Test)စစ်ဆေးခြင်း၊ အသုံးပြုထားသောဝါယာကြိုးများ တစ်ဆက်တည်း ရှိ/မရှိ (Continuity Test) စစ်ဆေးခြင်း၊ မြေစိုက်ကြိုးဖြင့် ဆက်စပ်သွယ်တန်းထားခြင်းရှိ/မရှိ (Earth Bond Test)စစ်ဆေးခြင်း၊ လျှပ်စီးသတ္တုနှင့် လျှပ်ကာပစည်းကြား သတ်မှတ်ခုခံမှုရှိ/မရှိ (Insulation Test)စစ်ဆေးခြင်း၊ လျှပ်စစ်အသုံးပြုပစ္စည်းမှ ထိတွေ့အရာဝတ္ထုသို့စီးသော ကြွင်းကျန်လျှပ်စီးပမာဏ (Touch leakage Test)စစ်ဆေးခြင်း၊ မြေစိုက်ကြိုးသို့ခွဲခြားစီးဝင်သော ကြွင်းကျန်လျှပ်စီးပမာဏ (Differential Earth leakageTest)စစ်ဆေးခြင်း၊ အစားထိုးစီးဝင်သည့် လျှပ်စီးမှ ကြွင်းကျန်သည့် လျှပ်စီးပမာဏ (Substitude Leakage Test) စစ်ဆေးခြင်း၊ လျှပ်စစ်ပစ္စည်းတစ်ခုမှ ထုတ်ယူသုံးစွဲသည့် စွမ်းအင်ပမာဏ (Operation Power) စစ်ဆေးခြင်း စသည့်အချက်အလက်တွေကို IEC (International Electro-technical Commission)စံချိန်စံညွှန်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိ/မရှိ တိုက်ဆိုင်စစ်ဆေးပေးနိုင်သည့်စက်ဖြစ်ပါတယ်။ IEC ရဲ့ စံချိန်စံညွှန်းများနဲ့ တိုက်ဆိုင်စစ်ဆေးပြီး ခွင့်ပြု/မပြုအားလည်း စက်မှ တိုက်ရိုက်ဖော်ပြအဖြေထုတ်ပေးသွားမှာဖြစ်တဲ့အပြင် စမ်းသပ်စစ်ဆေးမှုအချက်အလက် (Data)များကိုလည်း စက်အတွင်း မှတ်တမ်းတင်သိမ်းဆည်းထားပြီး လိုအပ်ပါက ကွန်ပျူတာဖြင့် ချိတ်ဆက်၍ ပြန်လည်ထုတ်ယူနိုင်တဲ့ စက်အမျိုးအစားဖြစ်ပါတယ်။ စျေးကွက်အတင်းရှိ လူသုံးများသော တစ်ချို့အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် လျှပ်စစ်မီးပူ၊ လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဒယ်အိုးများကို PAT-450 ဖြင့် စမ်းသပ်စစ်ဆေးရာ IEC စံချိန်စံညွှန်းများနှင့် ကိုက်ညီသော်လည်း Earth Wire မပါရှိသဖြင့် လျှပ်စစ်ပစ္စည်းကိုယ်ထည်နှင့် ထိတွေ့မိပါက သုံးစွဲသူကို ဓါတ်လိုက်မှုအန္တရာယ်ဖြစ်စေနိုင်ခြင်း၊ Power Supply Wire မှာလည်း ဒန်သတ္တုများဖြင့် ပြုလုပ်ထားသည့် ကြိုးများဖြစ်သဖြင့ အချိန်ကြာမြင့်စွာ တဆက်တည်းအသုံးပြုပါက ဝါယာကြိုးအပူလွန်ကဲ၍ မီးလောင်မှုအန္တရာယ်ဖြစ် ပေါ်နိုင်ခြင်းတို့ကြောင့် အရည်အသွေးပြည့်မီသည့်ပစ္စည်းမဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ တစ်ချို့ Extension Board များအား PAT 450 ဖြင့် စမ်းသပ်စစ်ဆေးရာ IEC စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိခြင်း၊ အတွင်းရှိ Socket များကို ဆက်သွယ်ထားသည့် Wire ကြိုးများတွင် Insulation Cover များတပ်ဆင်ထားခြင်းမရှိဘဲ Socket Point များအား ခဲဂဟေဖြင့် ဆက်သွယ်ထားသည်ကိုတွေ့ရှိရသည့်အတွက် အရည်အသွေးပြည့်မီသော ပစ္စည်းမဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

စားသုံးသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များသို့ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိနှင့်ပတ်သက်၍ အငြင်းပွားတိုင်တန်းမှုများရှိလာပါက PAT 450 ဖြင့် စမ်းသပ်စစ်ဆေးပြီး စစ်ဆေးချက်ရလဒ်များအား ပြန်ကြားပေးခြင်းဖြင့် စားသုံးသူအကျိုးကာကွယ် ပေးသွားမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။

တင်မောင်ကြည်
သတင်းနည်းပညာ/အရည်အသွေး